# ကျောက်သင်္ဘော ကျေးရွာ
# ပုလောမြို့နယ်၊
# မြိတ်ခရိုင်
# တနင်္သာရီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (၂၀၂၀ - ၂၀၂၄)









ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ကျောက်သင်္ဘောကျေးရွာ၊ ပုလောမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၁ခုနှစ်၊ မေ လ

## မာတိကာ


| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | စကားချီး | |
| | ကျောက်သဘော်ကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ် | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | |
| ၂။ | ရာသီဉတုနှင့် သဘာဝ အရင်းအမြစ်များ | |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | ပညာရေး | |
| ၇။ | ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး | |
| ၈။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| ၉။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | |
| | | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၂၀/၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၀၂၅ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဥာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

**၂၀၂၁ခုနှစ်၊ မေ လ**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**
**ကျောက်သဘော်ကျေးရွာ**
**ပုလောမြို့နယ်**

ပုလောမြို့နယ်၊ တောင်ယာကမ်းကျေးရွာအုပ်စု၊ ကျောက်သဘော်ကျေးရွာသယံဇာတပြမြေပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျောက်သင်္ဘောကျေးရွာသည် တောင်ယာကမ်းကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ၄မိနစ်၃၇.၅၆စက္ကန့် နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၃၅မိနစ်၊ ၅၅.၃၇စက္ကန့် ကြားတွင်တည်ရှိပြီး အရှေ့ဘက်တွင် ချောင်းဖြဲကျေးရွာ၊ အနောက်ဘက်တွင် လယ်၊ တောင်ဘက်တွင် လယ်ဖက်ကျေးရွာ၊ မြောက်ဘက်တွင် ဖော့တောင် ကျေးရွာ တို့နှင့် ထိစပ် လျှက်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျောက်သင်္ဘောကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၉၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၇၀) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ကျောက်သင်္ဘော ကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၉၅) လက်မဖြစ်ပြီး၊ အနိမ့်ဆုံး မိုးရေချိန်မှာ (၉၅) လက်မဖြစ်ပါသည်။ ကျောက်သင်္ဘောကျေးရွာတွင် ဓာတ်သတ္တုများ မထွက်ရှိပါ။ ကျောက်မထွက်ရှိသော်လည်း သဲ အနည်းငယ်ထွက်ရှိပြီး စီးပွားဖြစ်လုပ် ကိုင်သူများ မရှိပါ။ သို့သော်လည်း ဆေးဖက်ဝင်သည့် အပင်များ များပြားလှသည့်အတွက် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခု လည်း ဖြစ်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျောက်သင်္ဘောကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၂) အိမ်ရှိ ပြီး လူဦးရေစုစု ပေါင်း (၃၈၈) ဦးရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိ သော ကျေးရွာတစ်ရွာဖြစ်ပါသည်။

ကျောက်သင်္ဘောကျေးရွာတွင် ကျေးရွာ၏ လူမှုရေး၊ အုပ်ချုပ်ရေး၊ သာသနာရေး ရာများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်း (၆) ခုရှိပြီး ကျေးရွာအုပ်ချုပ်ရေး အဖွဲ့မှ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် ကဏ္ဍများတွင် ဦးဆောင် ဦးရွက်ပြုလုပ် ဆောင်ပြီး စသည့်အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက် နေကြပါသည်။ Vision Fund အဖွဲ့မှ ချေးငွေများ လာရောက်ထုတ်ချေးပေးလျက်ရှိပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျောက်သင်္ဘောကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်ယာမြေ (၆၀)ဧက ၊ ဥယျာဉ်ခြံ(၁၈၀)ရှိပါသည်။ ကျောက်သင်္ဘောကျေးရွာတွင် မြေယာပိုင်ဆိုင်မှု မရှိသော အိမ်ထောင်စုမှာ (၁၈.၂၉%)ရှိပြီး အများစုသည် စိုက်ပျိုးရေးလုပ်ငန်းခွင်၊

ဂဏန်းဖမ်းခြင်းများတွင် နေ့စားကျပန်း လုပ်ကိုင် ကြပါသည်။ ဆင်းရဲသားတောင်သူ (၈.၅၄%)၊ တောင်သူငယ်(၁၂.၂%)၊ တောင်သူလတ်(၂၄.၃၉%)၊ တောင်သူကြီး(၂၄.၃၉) ရှိပါသည်။ကျောက်သဘော်ကျေးရွာတွင် မိုးစပါး စိုက်ခင်း (၆၀) ဧကရှိသော်လည်း ပျမ်းမျှ အထွက်နှုန်းမှာ တစ်ဧက (၄၅) တင်းနှုန်းသာ ထွက်ရှိ၍ အထွက်နှုန်းနည်းပါး နေပါသည်။ အထွက်နှုန်းကောင်း စပါးမျိုးသန့်များ ရရှိရန် လိုအပ်နေပါသည်။ ရာဘာစိုက်ဧက (၁၂၀) ဧက ရှိပြီး လက်ရှိကာလတွင် ရာဘာဈေးနှုန်းပေါ် မူတည်၍ အချို့ခြံများမှာ အစေးလှီးခြင်း မရှိသော်လည်း၊ အချို့ခြံများမှာမူ အစေးထုတ်နေကြပါသည်။

ကျောက်သဘော်ကျေးရွာတွင် စပါးစိုက်ပျိုး ထုတ်လုပ်မှုတွင် မိုးရေကို အဓိကအားထား စိုက်ပျိုးသော်လည်း ရေမြေရာသီဥတု အနေအထားအပေါ် မူတည်၍ အထွက်နှုန်း အနည်းငယ် အပြောင်းအလဲ ရှိနိုင်ပါသည်။ အထွက်နှုန်းတိုးမြင့်ရန်နှင့် အရည်အသွေး ကောင်း စပါးထွက်ကုန်များ ရရှိနိုင်ရန် လိုအပ်သော မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစု များ ထည့်သွင်းရန် အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိနိုင်ခြင်းက စပါးတိုးမြှင့် ထုတ်လုပ်နိုင်ရန် အခြေအနေ ကောင်းများ ဖြစ်ပါသည်။

ကျောက်သဘော်ကျေးရွာတွင် နှစ်ရှည်ပင်မျှသာ စိုက်ပျိုးသဖြင့် နည်းပညာ ဝန်ဆောင်မှု ရရှိရန် မလိုအပ်ပါ။ ချေးငွေပြန်ဆပ်သည့်ကာလတွင် စပါးဈေးနှုန်းနည်း သောကြောင့် ဈေးကွက်ထိန်းချုပ်ညှိနှိုင်းမှုများ လိုအပ်နေပါသည်။ ရာဘာ ဈေးနှုန်းမှာ နည်းလွန်းသောကြောင့် ဈေးကွက်ဆိုင်ရာ လိုအပ်သော အရည်အသွေးများ ရရှိရန် စုပေါင်း တိုင်ပင်မှုများ လိုအပ်နေပါသည်။

## (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ကျောက်သဘော်ကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် ဂဏန်း/ဂျင်း မွေးမြူသည့် အိမ်ထောင်စု(၅)စုပါသည်။ ကမ်းလွန်ငါးဖမ်းလုပ်ကိုင်သည့် အိမ်ထောင်စု (၁၅)စုရှိပြီး ကမ်းနီးဂဏန်းဖမ်းလုပ်ကိုင်သူများမှာ အိမ်တိုင်းစေ့ အနည်းအကျဉ်းလုပ်ကိုင်သူနှင့် စီးပွား ဖြစ်လုပ်ကိုင်သူများလည်းရှိပါသည်။ အိမ်ထောင်အများစုမှာ ကြက်စသည်တို့ကို တစ်ပိုင် တစ်နိုင်သာ မွေးမြူကြပါသည်။ တိရစ္ဆာန်ကူးစက် ရောဂါများ ကျရောက်မှု နည်းပါးသော် လည်း စီးပွားဖြစ်မွေးမြူရေးဆိုင်ရာ နည်းစနစ်များနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ပေးနိုင်ပါက ပိုမို အဆင်ပြေပါမည်။

ကျောက်သဘော်ကျေးရွာတွင် ဝက်မွေးမြူရေး လုပ်ကိုင်ရန် ကျေးရွာတွင် ယခင်က ဝက်မွေးမြူလျှင် ဝက်များ သေဆုံးသည်ဟု ရာဇဝင်များရှိသဖြင့် ဝက်မွေးမြူခြင်း မရှိကြပေ။

ထို့အပြင် ဂဏန်း/ဂျင်း မွေးမြူရန် ရေမြေအနေအထား ကောင်းမွန်မှု ရှိခြင်းသည်လည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးမြှင့်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဂဏန်း/ဂျင်း မွေးမြူရေးနှင့် ပတ်သက် (GAqP) သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်နေပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျောက်သဘော်ကျေးရွာတွင် ငါးဖမ်းလုပ်ငန်း၊ လယ်နှင့်ဥယျာဉ်ခြံလုပ်ငန်း ကိုသာ အဓိကထား၍ လုပ်ကိုင်လျက်ရှိသော ရွာတစ်ရွာဖြစ်ပါသည်။ ကျောက်သဘော်ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်ခြင်း၊ မီးမရရှိခြင်း၊ လက်မှုပညာ တတ်မြောက်မှု အားနည်းခြင်းက အသက်မွေးဝမ်းကျောင်းပညာရပ်ဖြင့် လုပ်ကိုင်ရန် အဟန့်အတား များဖြစ်စေပါသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ (အသေးစားစက်ပြင်၊ ဆိုင်ကယ်ပြင်၊ အပ်ချုပ်စက်၊ အလှပြင်၊ မုန့်လုပ်)သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ် နေပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျောက်သဘော်ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ Vision Fund မှ ချေးငွေရရှိသော်လည်း လုံလောက်သော ချေးငွေမရရှိသဖြင့် မြစိမ်းရောင်ချေးငွေရရှိရန် လိုအပ်နေပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတစ်ရွာ၏ဖွံ့ဖြိုးမှုကို သုံးသပ်လိုလျှင် ကျေးရွာအခြေခံ အဆောက်အဦ ဖွံ့ဖြိုးမှုမှာလည်း အရေးပါလှသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ ကျေးရွာတွင်းလမ်းမှာ မိုးရာသီတွင် ရေကျော်ခြင်း၊ရွှံ့ဗွက်ထခြင်းများကြောင့် ရဟန်းသံဃာများ ဆွမ်းခံကြွခြင်း၊ ကျောင်းသား/ သူများသွား လာရခက်ခဲခြင်း၊ကျေးရွာတွင်း သာရေး၊နာရေး၊ စီးပွါးရေး၊ လူမှုရေးများအတွက် အနှောင့်အယှက် အခက်အခဲဖြစ်နေခြင်းများကြုံတွေ့နေရ သောကြောင့် (၆၀၀'×၁၀'×၆")အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် တင်ရန် အထူးလိုအပ် နေပါသည်။ လယ်ဖက်-ကျောက်သဘော်ကျေးရွာချင်းဆက်လမ်း (၂.၂)မိုင် မြေသားလမ်းဖောက် လုပ်ရန် ကျေးလက်လမ်းဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ခု၊ဘဏ္ဍာရေးနှစ် တွင် ဆောင်ရွက်ရန် လျာထား ကြောင်း သိရှိပါသည်။

ကျောက်သဘော်ကျေးရွာရှိ ကျေးရွာတွင်းလမ်းပေါ်တွင် ရေပြွန်(၃)စင်း တည်ဆောက် ရန်နှင့် လယ်ဖက်-ကျောက်သဘော်ကျေးရွာချင်းဆက်လမ်း (၂.၂)မိုင်ပေါ်တွင် ရေပြွန်(၄)စင်း တည်ဆောက်ရန် လိုအပ်နေပါသည်။ပင်လယ်ရွာဖြစ်သည့်အတွက် ရေဆိပ်ဆင်း (၆၀')

တံတား (၁)စင်း တည်ဆောက်ရန်လည်း လိုအပ်နေပါသည်။

ကျောက်သဘော်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်၊ ကားများကို အသုံးပြုကြပါသည်။ ကမ်းလွန်ငါးဖမ်းခြင်းအတွက် စက်လှေ (၁၅)စင်းနှင့် ကမ်းနီး ဂဏန်းဖမ်းခြင်း၊ ငါးဖမ်းခြင်းများအတွက် လှေ(၇၀)စီးခန့်ရှိပါသည်။ တချို့အိမ်များတွင် အိမ်တစ်အိမ်၌ လှေ(၃)စီးခန့်လောက်ရှိပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ကျောက်သဘော်ကျေးရွာတွင် အိမ်ထောင်စု(၅)စုမှ ဒီဇယ်အင်ဂျင်မီးကို နီးစပ်ရာ အိမ်ထောင်စု (၃၀)စုသို့ မီးများ ဖြန့်ဝေပေးလျက်ရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ ဆိုလာမီး အသုံးပြုကြသော်လည်း မီးအားလုံလောက်မှု မရရှိခြင်းတို့ကြောင့် ဖော့ကျေးရွာရှိ Transformer မှ အိမ်တိုင်းစေ့(၂၄)နာရီမီး ရရှိရေးအတွက် တင်ပြတောင်းခံရန် လိုအပ်နေပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျောက်သဘော်ကျေးရွာတွင် တယ်လီဖုန်းတာဝါတိုင်မရှိသောကြောင့် လိုင်းဆွဲအား မကောင်းပါ။ CDMA / GSM လိုင်းတစ်ခုသာ ရရှိပါသည်။

## ၆။ ပညာရေး

ကျောက်သဘော်ကျေးရွာတွင် စာမတတ်သူ (၅.၃%)ရှိပါသည်။ ကျေးရွာလူဦးရေ၏ (၆၇.၁၉%) မှာ မူလတန်းအဆင့် ပညာရေးသာ ပြီးမြောက်မှု ရှိကြပြီး၊ အလယ်တန်းအဆင့်အထိ တတ်မြောက်သူ (၁၉.၀၆%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၆.၈၉%)၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူဦးရေမှာလည်း(၁.၅၆%)အထိ ရှိပြီး စာတတ်မြောက်မှု အားပါးသည့် ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ အကြောင်းအရင်းမှာ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်း၊ စီးပွားရေး မကောင်းမွန်ခြင်း၊ ရပ်ရွာဖွံ့ဖြိုးမှု အားနည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကျောက်သဘော်ကျေးရွာတွင် မူလတန်းပညာရေးသာ သင်ကြားနိုင်ပြီး အလယ်တန်းအဆင့်ကို (၂)မိုင်ခန့်ဝေးသည့် လယ်ဖက်ကျေးရွာတွင် သင်ကြားရပြီး အထက်တန်းအဆင့်ကို ထမင်းမစားကျေးရွာ(၅)မိုင်နှင့် ရှပ်ပုံကျေးရွာ(၈)မိုင်တို့တွင် မိဘများမှ ဆိုင်ကယ်များဖြင့် ကြိုပို့လုပ်ဆောင် ပေးလျက်ရှိပါသည်။

ကျောက်သဘော်ကျေးရွာရှိ ကျောင်းဆောင် (၉၀'×၃၀')မှာ အမိုးများ ပျက်စီးနေသည့်အတွက မိုးရာသီတွင် မိုးယိုသဖြင့် ကျောင်းသား/သူများ စာသင်ချိန်တွင် အခက်အခဲများ ရှိနေသဖြင့် အမိုးပြုပြင်ရန် အထူးလိုအပ်နေပါသည်။ ကျောင်းသုံး

ပရိဘောဂများ လုံလောက်မှု မရှိခြင်းကြောင့် ဖြည့်တင်းပေးရန်နှင့် ကေဂျီကျောင်းဆောင်တစ်ဆောင် တည်ဆောက်ပေးရန် လိုအပ်နေပါသည်။ စာသင်ကျောင်းတွင် ခြံစည်းရိုးမရှိသဖြင့် ကျွဲ၊ နွားများ ဝင်ရောက်ခြင်း ၊ ကျောင်းသူ/ သားများလမ်းသို့ အလွယ်တကူထွက်၍ ဆော့ကစားခြင်းများရှိသောကြောင့် အန္တရာယ်ရှိနေသဖြင့် ခြံစည်းရိုး(၇၀၀)ကာရံရန် လိုအပ်နေပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျောက်သဘော်ကျေးရွာတွင် ကျန်းမာရေးတစ်ခုခုဖြစ်ပွားပါးက (၈/၁)မိုင် ဝေးကွာသော ပုလောမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။ ကာကွယ် ဆေးကို (၇/၁)မိုင်ခန့် ဝေးကွာသော တောင်ယာကမ်းကျေးရွာ ကျေးလက်ဆေးပေးခန်းတွင် သွားရောက် ထိုးနှံကြရပါသည်။

ကျောက်သဘော်ကျေးရွာတွင် ရေတွင်း(၈)တွင်းရှိပြီး ရွာသူရွာသားအားလုံး ၎င်းရေတွင်းမှ ခပ်ယူသုံးစွဲကြပါသည်။ ကျောက်သဘော်ကျေးရွာတွင် ရေလောင်း/ ယင်လုံအိမ်သာ ကို အိမ်တိုင်းစေ့နီးပါး သုံးစွဲကြပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျောက်သဘော်ကျေးရွာတွင် လယ်ယာမြေဆီလွှာများမှာ ဆားငန်ရေဝင် သဖြင့် ပျက်စီးဆုံးရှုံးမှုများ ရှိနေခြင်း၊ ပြန်လည်ပြုပြင်မှုများ မရှိသဖြင့် မြေဆီလွှာညံ့ဖျင်းလာရခြင်းဖြစ်ပါသည်။ သဘာဝမြေသြဇာ(ကျွဲချေး၊ နွားချေး) ရှားပါးခြင်းသည်လည်း စိုက်ပျိုးရေးလုပ်ကိုင်ရန် အခက်အခဲများ ရှိနေပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျောက်သဘော်ကျေးရွာတွင် ကျေးရွာ စီမံအုပ်ချုပ်မှု / ခေါင်းဆောင်မှု အပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းကြသော်လည်း ဘာသာရေးနှင့် ကျေးရွာဖွံ့ဖြိုးရေး အပိုင်းတွင် အားတက်သရော ပါဝင်ကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများတွင် အမျိုးသမီးများ အသိပညာ အားနည်းကြပါသည်။

## ၁၀။ တောင်ယာကမ်းကျေးရွာအုပ်စု၊ ကျောက်သင်္ဘောကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

| စဉ် | ကဏ္ဍ | ကဏ္ဍခွဲ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | ဦးစားပေး အဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း(၆၀၀'×၁၀'×၆") ကွန်ကရစ်ခင်းခြင်း | ပထမ | |
| ၂ | ငွေကြေး | ရပ်ရွာအခြေပြု ငွေကြေး ဝန်ဆောင်မှုများ | ရပ်ရွာအခြေပြု | မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရရှိရန် တင်ပြခြင်း | ဒုတိယ | |
| ၃ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆောင်(၃၀' - ၉၀' ) အမိုးပြုပြင်ခြင်း | တတိယ | |
| ၄ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းခြံစည်းရိုး( ၇၀၀ ) ပေ ကာရံခြင်း | | |
| ၅ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကေဂျီဆောင် တစ်ဆောင် ဆောက်လုပ်ခြင်း | | |
| ၆ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်ဆည်းခြင်း | | |
| ၇ | လူငယ်နှင့်အားကစား | လူငယ့် အရည်အသွေး နှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး | လူငယ့်အခွင့်အလမ်း | ကျေးရွာ စာကြည့်တိုက် တည်ဆောက်ခြင်း | | |
| ၈ | လူငယ်နှင့်အားကစား | အားကစားနှင့် ကာယပညာ ရပ်ဆိုင်ရာ၊ အားကစားကွင်း၊ အားကစား ပစ္စည်း | အားကစား | ကျေးရွာ အားကစားကွင်း အတွက် သက်ဆိုင်ရာဌာနနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း | | |
| ၉ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | အခြား ထုတ်ကုန်လုပ်ငန်းများ၊ အသေးစား အလတ်စား နှင့် အကြီးစား လုပ်ငန်း ဆိုင်ရာများ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသက်မွေးဝမ်းကျောင်းသင်တန်းများ (အသေးစားစက်ပြင်၊ ဆိုင်ကယ်ပြင်၊ အပ်ချုပ်၊ အလှပြင်၊ မုန့်လုပ်) စသည့်ဖြင့် ပြုလုပ်ပေးခြင်း | | |
| ၁၀ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ကျေးလက် လမ်းတံတား | ရေဆိပ်ဆင်းတံတား (၆၀' ) တည်ဆောက်ခြင်း | | |
| ၁၁ | လျှပ်စစ် | အခြား နည်းစနစ်များဖြင့် မီးလင်းစေရေး | အခြား နည်းစနစ်များဖြင့် မီးလင်းစေရေး | (၂၄)နာရီ လျှပ်စစ်မီး ရရှိရန် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ကျေးလက် လမ်းတံတား | လယ်ဖက်-ကျောက်သဘော် (၂.၂)မိုင်အား မြေသားလမ်း ဖောက်လုပ်ရန် လိုအပ်ခြင်း | | |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ကျေးလက် လမ်းတံတား | ကျေးရွာချင်းဆက်လမ်းပေါ်တွင် ရေပြွန်( ၄) စင်းတည်ဆောက်ခြင်း | | |
| ၁၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းပေါ်တွင် ရေပြွန်( ၃) စင်းတည်ဆောက်ခြင်း | | |
| ၁၅ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | ရေငံနေ ရေသတ္တဝါများ ဖမ်းယူခြင်း (ကမ်းနီး ကမ်းဝေး) | မွေးမြူ (ရေငံ) | ကောင်းမွန်သော ငါးပုဇွန် မွေးမြူရေးကျင့်စဉ် GAqP ပညာပေးသင်တန်းဖွင့်လှစ်ရန် | | |

နောက်ဆက်တွဲ (၁)

## တောင်ယာကမ်းကျေးရွာအုပ်စု၊ ကျောက်သဘော်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ပညာအရည်အချင်း | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးရန်ကြည် | ဦးကျော်ခင် | ၆/ပလန(နိုင်)၀၂၂၄၉၁ | ၆၃ | ဥက္ကဋ္ဌ | ၅-တန်း | ၀၉-၈၇၇၀၂၇ |
| ၂ | ဦးမျိုးလွင် | ဦးသန်းဆွေ | ၆/ပလန(နိုင်)၀၄၈၁၆၄ | ၄၅ | အတွင်းရေးမှူး | ၅-တန်း | ၀၉-၆၆၀၁၀၁၂၈၁ |
| ၃ | ဦးမောင်သိန်း | ဦးအောင်မြင့် | ၆/ပလန(နိုင်)၀၄၅၅၂၃ | ၅၉ | ဘဏ္ဍာရေးမှူး | ၅-တန်း | ၀၉-၆၆၂၁၉၂၇၅၂ |
| ၄ | ဒေါ်မာမာရီ | ဦးသိန်းမောင် | ၆/ပလန(နိုင်)၀၃၃၃၅၉ | ၄၈ | စာရင်းကိုင် | ၁၀-တန်း | - |
| ၅ | ဒေါ်ထွေးရီ | ဦးဘမြင့် | ၆/ပလန(နိုင်)၀၄၄၃၆၈ | ၄၈ | အဖွဲ့ဝင် | ၈-တန်း | ၀၉-၈၉၁၇၈၆၀၉၀ |
| ၆ | ဦးလှထွန်း | ဦးလှဆွေ | ၆/ပလန(နိုင်)၀၄၈၂၀၈ | ၆၃ | အဖွဲ့ဝင် | ၅-တန်း | - |
| ၇ | ဦးသန်းစိုး | ဦးချစ်မြ | ၆/ပလန(နိုင်)၀၄၈၆၆၂ | ၄၈ | အဖွဲ့ဝင် | ၅-တန်း | ၀၉-၂၅၀၆၁၇၁၄၆ |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၄ | ၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၅ | ၁၈ | ၃၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၁၆ | ၃၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၅ | ၂၀ | ၄၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၀ | ၁၂၀ | ၂၆၀ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၇ | ၈ | ၁၅ |
| **စုစုပေါင်း** | | **၂၁၂** | **၁၈၆** | **၃၉၈** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၈၂** | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ကျောက်သဘော်ကျေးရွာတွင် အဓိကအားဖြင့် ဗမာလူမျိုးများ နေထိုင်ကြပြီး အိမ်ထောင်စု (၈၂)စု၊ လူဦးရေ (၃၈၈)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၈%)၊ ငါးနှစ်အောက် ကလေးငယ်အရွယ် (၈.၅၁%)၊ မူလတန်းကျောင်းသားအရွယ် (၉.၈%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၁.၆%)၊ သက်ကြီးရွယ်ကြီးအရွယ် (၃.၈၇%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၂.၉၈)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၁၄၀) ဦး၊ မ (၁၂၀) ဦး စုစုပေါင်း (၂၆၀) ဦးရှိပြီး တစ်ရွာ လုံးလူဦးရေ၏ (၆၇.၀၁)% ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၇၃) ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် လျော့နည်းနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် နည်းရခြင်းဖြစ်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၅ | ၄၅ | ၂၅ | မြင့်□ လတ်Â နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၅ | မြင့်□လတ်□နိမ့်Â |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၀ | ၃၅ | ၂၀ | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၅ | မြင့်□လတ်□နိမ့်□ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၅ | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁၀ | မြင့်□လတ်Âနိမ့်□ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်Âလတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၄ | မြင့်□လတ်□နိမ့်□ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၅ | ၁၀ | မြင့်□လတ်Âနိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၅ | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၃ | မြင့်□လတ်Âနိမ့်□ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်Âနိမ့်□ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့်□လတ်□နိမ့်□ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၇ | ၁၀ | ၃၅ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်□လတ်□နိမ့်□ |
| | **စုစုပေါင်း** | ၈၂ | ၁၀၅ | ၁၂၈ | ☒ |

**ရင်းမြစ်**… **(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။ **'အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ'** အရေအတွက်တွင် **'မိသားစုဝင်လုပ်အား'** **ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)'** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**'စိုက်ပျိုးရေး'** ကဏ္ဍ၏ **'ကိုယ်ပိုင်လုပ်ငန်း'**တွင်ရပ်တည်နိုင်မှု **'မြင့်'** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ် ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျောက်သဘော်ကျေးရွာတွင် လယ်၊ ဥယျာဉ်ခြံနှင့် ရော်ဘာလုပ်ငန်းကို ဦးစားပေး စိုက်ပျိုး လုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ်လုပ်သားများအဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိကြပါသည်။ ကမ်းလွန်ငါးဖမ်းလုပ်ငန်းနှင့်

ကမ်းနီး (ငါးဖမ်းပစ်) လုပ်ငန်း လုပ်ကိုင်သူများလည်း ရှိပါသည်။ ဂျင်း၊ ငါးဖမ်းမွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စု (၅)စုရှိပြီး ဝက်၊ ကြက်၊ ဘဲတစ်ပိုင်တစ်နိုင်အဖြစ် မွေးမြူနေကြသူများလည်းရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လက်သမား၊ ပန်းရံ အဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ၊ ဆံပင်ညှပ်သူများ၊ ကားလိုင်းဆွဲသူများလည်း ရှိပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင် စျေးဆိုင်များ၊ လက်လီလက်ကားကူးသန်းရောင်းဝယ်သည့်လုပ်ငန်း လုပ်ကိုင်ကြပြီး ကျောင်းဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါသည်။

**ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၁၀၀၀၀ | - | ၈၀၀၀ | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | - | ၁၀၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျောက်သဘော်ကျေးရွာတွင် အများအားဖြင့် လယ်ယာလုပ်ငန်းခွင်တွင် ကျဘမ်း အလုပ်သမားများဖြင့် လုပ်ကိုင်ခြင်း၊ ငါးဖမ်းလုပ်ငန်းတွင် အလုပ်သမားများဖြင့် လုပ်ကိုင်ခြင်း၊ လုပ်အားခ နည်းပါးခြင်းကြောင့် နိုင်ငံခြားသို့ သွားရောက် လုပ်ကိုင်သည့် အိမ်ထောင်စုများ ရှိကြပါသည်။

(၈)	သဘာဝရင်းမြစ်များ

(၈-၁)	စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၆၀ | ကောင်း □ သင့် Â ညံ့ □ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း □ သင့်□ ညံ့ □ |
| ဥယျာဉ်ခြံမြေ | ၁၈၀ | ကောင်း □ သင့်Â ညံ့ □ |
| ကိုင်း/ကျွန်းမြေ | | ကောင်း □ သင့်□ ညံ့ □ |
| ဓနိတောမြေ | | ကောင်း □ သင့်□ ညံ့ □ |
| စားကျက်မြေ | | ကောင်း □ သင့်□ ညံ့ □ |
| မြေလွတ် မြေလပ် | | ကောင်း □ သင့်□ ညံ့ □ |
| စုစုပေါင်း | ၂၄၀ | ☒ |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။	။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။	။ ကျောက်သဘော်ကျေးရွာတွင် လယ်မြေနှင့် ဥယျာဉ်ခြံမြေများ၏ မြေဆီလွှာ ညံ့ဖျင်း၍ စပါးနှင့်အခြားသီးနှံများ ထုတ်လုပ်မှုတွင် အထွက်နှုန်းတိုးတက်လာစေရန် စိုက်ပျိုးနည်းစနစ်များ၊ မြေဆီဩဇာ အဆင့်အတန်း ကောင်းမွန်လာစေရန် လိုက်နာရမည့် နည်းစနစ်များ ကျင့်သုံးရန် လိုအပ် နေပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ□ သင့်□ နည်း□ မရှိÂ | လွယ်□ ခက်□ အသုံးမပြုနိုင်ပါ □ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ□ သင့်□ နည်းÂ မရှိ□ | လွယ်□ ခက်Â အသုံးမပြုနိုင်ပါ □ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ□ သင့်Â နည်း□ မရှိ□ | လွယ်Â ခက်□ အသုံးမပြုနိုင်ပါ □ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ□ သင့်□ နည်းÂ မရှိ□ | ☒ |

**ရင်းမြစ်..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။	။ ကျောက်သဘော်ကျေးရွာတွင် ဓာတ်သတ္တုများ မထွက်ရှိပါ။ ကျောက်မထွက်ရှိသော်လည်း သဲ အနည်းငယ်ထွက်ရှိပြီး စီးပွားဖြစ်လုပ်ကိုင်သူများ မရှိပါ။ သို့သော်လည်း

ဆေးဖက်ဝင်သည့် အပင်များ များပြားလှသည့်အတွက် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင် အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၆ | ၁၇ | ၃၉ | ၂၀ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျောက်သဘော်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၇.၃၁%)နှင့် အလယ်အလတ်အိမ်ထောင်စု (၂၀.၇၃%) တို့မှာ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသည်။ ထိုအိမ်ထောင်စုများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် ရော်ဘာအစေး ခြစ်ခြင်း၊လယ်ယာလုပ်ငန်းခွင်တွင် နေ့စားလုပ်ကိုင်ခြင်းနှင့် ရာသီအလိုက် လုပ်ငန်းများတွင် ကျဘမ်းလုပ်ကိုင်ခြင်းများ ပြုလုပ်ကြပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = __________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား= __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = ____၅____<br>လုပ်အားခကြိုယူ = ____၅____ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁၂ | အခြားအစာပြောင်းလဲစား= ___<br>အစာလျှော့စား = ___<br>အထောက်အပံ့ယူ = ___<br>ချေးယူ = ___၇___<br>လုပ်အားခကြိုယူ = ___၅___ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ကျောက်သဘော်ကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄) အိမ်ထောင်စု စုစုပေါင်း၏ (၃၀%)စစ်တမ်းကောက်ယူမှုအရ ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှုမှာ အိမ်ထောင်စု (၄၅.၄၅%) မှာချေးယူခြင်းနှင့်လုပ်အားခကြိုယူခြင်းများဖြင့် မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းကြပါသည်။ ၆လမှ ၁၂လကြား ဝမ်းစာဖူလုံမှု အိမ်ထောင်စု(၅၄.၅၅%)မှာ မိသားစုစားဝတ်နေရေး၊ကျန်းမာရေး၊ အလုပ်အကိုင် ရရှိရေးအတွက် ချေးယူခြင်းနှင့်လုပ်အားခကြိုယူခြင်း များ ပြုလုပ်ကြပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | _ | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျောက်သဘော်ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များ တွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် Â နိမ့်☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၇ | လျောင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျောက်သဘော်ကျေးရွာတွင် ရေကြီးခြင်း၊ ဆားငန်ရေဝင်ခြင်း ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် Â နိမ့် ☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်Â မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် Â လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် Â မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် Â လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ Â |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျောက်သဘော်ကျေးရွာသည် မိသားစုဆွေမျိုးများဖြင့် ရွာတည်ဆောက်ထားသောကြောင့် စည်းလုံးညီညွတ်မှု ရှိပါသည်။ ဘေးအန္တရာယ်ကျရောက်လာပါက စုပေါင်းဖြေရှင်းပေးပါသည်။ ကျေးရွာတွင် လက်လုပ်လက်စားများသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပို၍ ထိခိုက်နိုင်ပါသည်။ ကျေးရွာတွင် လုပ်အားခနည်းသဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုများရှိပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ကာလသား/ သမီးအဖွဲ့ | ၁☐ ၂☐ ၃Â | ၃၅ | ၁၅ | ၅၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး Â<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း Â<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂Â ၃☐ | ၁၀ | – | ၁၀ | ပညာရေး Â ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး Â<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး Â | ကောင်း Â<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ကျောင်းအကျိုးတော်ဆောင် အဖွဲ့ | ၁☐ ၂Â ၃☐ | ၇ | – | ၇ | ပညာရေး Â ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် Â<br>ညံ့ ☐ |
| ၄ | လူတလတ်အဖွဲ့ | ၁☐ ၂ ၃Â | ၁၃ | - | ၁၃ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး Â<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် Â<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၅ | မိန်းမကြီးအဖွဲ့ | ၁□ ၂□ ၃Â | - | ၁၀ | ၁၀ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး Â<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □<br>သင့် Â<br>ညံ့ □ |
| ၆ | အိမ်ထောင်ငယ် အဖွဲ့ | ၁□ ၂□ ၃Â | - | ၁၅ | ၁၅ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး Â<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး Â<br>လုံခြုံရေးနှင့် ကာကွယ်ရေး □ | ကောင်း □<br>သင့် Â<br>ညံ့ □ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

